# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## (၁၇) ရက်မြောက်နေ့အစီအစဉ်

## ( ၁ – ၇ –၂၀၂၆ ) (ဗုဒ္ဓဟူးနေ့)  နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုးကျော်နိုင်၊ ကျွန်းလှမဲဆန္ဒနယ်၏ **ကျွန်းလှမြို့တွင် သောက်သုံးရေရရှိရေး အတွက် နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးမောင်ရွှေ၊ လှိုင်ကော်မဲဆန္ဒနယ်၏ **ကယားပြည်နယ်၊ လှိုင်ကော်မြို့ပေါ် ရပ်ကွက်များအား ရေလွှမ်းမိုးမှုမှကာကွယ်ရန် ဘီးလူးချောင်းဘေးမှ ရေတားတာဘောင် ပြုလုပ်ပေးပါရန်နှင့် ရှိပြီးသားတာဘောင်အား ပြန်လည် မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်ကျော်မင်း၊ သုံးခွမဲဆန္ဒနယ်၏ **သုံးခွမြို့နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်များ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လက်ရှိ ရေပေးဝေမှုစနစ်အား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း (သို့မဟုတ်) အနီးဆုံးဆည်/တမံမှ ရေရယူဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးအောင်ကိုလတ်၊ တမူးမဲဆန္ဒနယ်၏ **တမူးမြို့ပေါ်ရှိ ကံကြီးဝဆည်ကြီးအား အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးအောင်မြင့်သန်း၊ ကျောက်ဆည်မဲဆန္ဒနယ်၏ **ကျောက်ဆည်မြို့ပေါ် ရပ်ကွက်ကြီးများအား ရေကြီးမှုမှကာကွယ်ရန် ဇော်ဂျီမြစ်ကြောင်းတစ်လျှောက် သဲနုန်းတူးဖော်ခြင်း အလျား(၂၀)မိုင် ဇော်ဂျီတာဘောင် မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရန် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်နိုင်၊ ဝေါမဲဆန္ဒနယ်၏ **ဝေါမြို့နယ်အတွင်းရှိ မိုးယွန်းကြီးရေလှောင် ကန်အား ပုကိုင်တာနှင့်ထိစပ်နေသော မိုးယွန်းကြီး – ဖွဲ့ဘက်တာ (၁၆/၅)မိုင် လှိုင်းကာ ကျောက်ကြီးစီခြင်းလုပ်ငန်း (၁.၇)မိုင် ဆောင်ရွက်ပြီးစီးပြီး ကျန် (၁၄/၈)မိုင်အား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဒေါ်ဥမ္မာမို့မို့ဇော်၊ သဲကုန်းမဲဆန္ဒနယ်၏ **သဲကုန်းမြို့နယ်၌ ချောင်းမြောင်း တူးဖော်ရာတွင် အခက်အခဲများကြုံတွေ့ရပါသဖြင့် ရန်ပုံငွေလုံလောက်စွာ ချမှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးငွေးလွင်(ခ)ဦးဒီလုံး၊ နမ့်စန်မဲဆန္ဒနယ်၏ **နမ့်စန်မြို့နယ်၊ ဟိုင်းနားကြီး ကျေးရွာအုပ်စု၊ နားရိုင်းလမ်းမကြီးရှိ (33KV) ဓာတ်အားလိုင်းမှ နောင်ခမ်း– နောင်ခါး– နမ့်စမ်(နမ့်ဟူးမိုင်)– နောင်ဒေးကျေးရွာများအထိ (33KV) ဓာတ်အားလိုင်း (၇) မိုင်နှင့် (33/0.4KV) ထရန်စဖော်မာ (၄)လုံး တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးမောင်မောင်စိုး၊ သာပေါင်းမဲဆန္ဒနယ်၏ **သာပေါင်းမြို့နယ်၊ ငှက်ပျောတော၊ မဲဇလီကွင်းပေါက်၊ ဆင်လမ်းနှင့် သပြေကုန်းကျေးရွာအုပ်စုများတွင် လျှပ်စစ်မီး ရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ မရှိပါက ဆိုလာမီးကဲ့သို့ ရရှိ နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးရားနီ၊ ပူတာအိုမဲဆန္ဒနယ်၏ **ပူတာအိုမြို့တွင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကတ္တရာလမ်းဘေးဝဲယာ၌ တပ်ဆင်ရန် ဆိုလာမီးသီး (၃၅၀)လုံးနှင့် ဆက်စပ်ပစ္စည်းများရရှိနိုင်ရေး လမ်းညွှန်မှာကြားချက်အား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဋ) ဒေါ်မြင့်မြင့်ဌေး၊ ချမ်းအေးသာစံမဲဆန္ဒနယ်၏ **ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက်၊ ၇၆လမ်း၊ ၃၀ x ၃၅ လမ်း တစ်လျှောက်တွင် လျှပ်စစ်မီးလင်းရေး၊ ၇၇လမ်း၊ ၂၆ x ၃၅ လမ်းတစ်လျှောက်တွင် ထပ်ပိုးလမ်းခင်းပြုပြင်ရန်နှင့် မီးလင်းရေးတို့အတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဌ) ဦးဝင်းမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်၏ **ကျွဲပွဲမြို့မှ 33/11 kv (5) MVA လျှပ်စစ်ဓါတ်အားခွဲရုံအား 33/11 kv (10)MVA အဖြစ်သို့ အဆင့်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။